**Embassy of the Republic of the Union of Myanmar**
Via di Cortina d ampezzo 50, 00135 Rome, Italy
Tel: +39 06 36303753, Fax: +39 06 36298566
Email: merome2010@gmail.com

# အသိပေးကြေညာခြင်း

၁။ COVID-19 ကမ္ဘာ့ကပ်ရောဂါ ထိန်းချုပ်ကာလအတွင်း အီတလီ၊ ပေါ်တူဂီ၊ ရိုမေးနီးယားနှင့် ဂရိနိုင်ငံတို့တွင် ရောက်ရှိကမ်းကပ်လျက်ရှိသော နိုင်ငံတကာသင်္ဘောများပေါ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် သင်္ဘောသားများအနေဖြင့် မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် လျှောက်ထားခြင်းများကို သက်ဆိုင်ရာ ကုမ္ပဏီကိုယ်စားလှယ်မှတစ်ဆင့် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် လျှောက်ထားနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၂။ ထိုကဲ့သို့ လျှောက်ထားရာတွင် မြန်မာသံရုံး၏ အီးမေးလ်လိပ်စာ merome2010@gmail.com သို့ အောက်ဖော်ပြပါ အချက်အလက်များကို ပြည့်စုံစွာ ပူးတွဲဖော်ပြ၍ ကိုယ်စားလှယ်မှ ရောမမြို့၊ မြန်မာသံရုံးသို့ လာရောက်သည့်အခါတွင် မူရင်းစာရွက်စာတမ်းများ ယူဆောင်လာရမည်ဖြစ်ပြီး စာတိုက်မှ ပေးပို့လျှောက်ထားသူများအနေဖြင့် မြန်မာသံရုံး၏လိပ်စာ **Embassy of the Republic of the Union of Myanmar, Via Caldonazzo 1, 00135, Rome** သို့ လိပ်မူ ပေးပို့ရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည် -

**(က) မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားခြင်း (နိုင်ငံကူးလက်မှတ် သက်တမ်း (၆) လအောက်ရှိသူများသာ)**

- ကိုယ်ရေးလျှောက်လွှာ
- ကိုယ်ရေးရာဇဝင် (www.meroma-it.com ၌ Download ရယူနိုင်ပါသည်)
- နိုင်ငံကူးလက်မှတ်မူရင်း
- နောက်ခံအဖြူနှင့် ရောင်စုံဓါတ်ပုံ ၂ ပုံ
- သက်တမ်းတိုးခ ယူရို ၂၀/ နှင့် စာတိုက်မှ ပြန်ပို့ခ

**(ခ) နိုင်ငံကူးလက်မှတ် ပျောက်ဆုံး၍ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် လျှောက်ထားခြင်း**

- ကိုယ်ရေးလျှောက်လွှာ
  (နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသည့်ဖြစ်စဉ်ကို အပြည့်အစုံ ရေးသားဖော်ပြရန်)
- မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်လျှောက်ထားသည့်ပုံစံ
  (www.meroma-it.com ၌ Download ရယူနိုင်ပါသည်)
- နိုင်ငံကူးလက်မှတ်မိတ္တူ
- ရောင်စုံဓါတ်ပုံ ၁ ပုံ
- ရဲစခန်းထောက်ခံစာ
- သက်သေခံလက်မှတ်ခ ယူရို ၁၀/ နှင့် စာတိုက်မှ ပြန်ပို့ခ

၃။ စာတိုက်မှတစ်ဆင့် လျှောက်ထားသူများအနေဖြင့် နိုင်ငံကူးလက်မှတ်/ သက်သေခံလက်မှတ် ပြန်လည်ပို့ဆောင်ရမည့်လိပ်စာကို အပြည့်အစုံဖော်ပြပေးရန် လိုအပ်ပါသည်။

မြန်မာသံရုံး၊ ရောမမြို့
၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်